## Burmese American Community Institute (BACI)

၁။ Burmese American Community Institute (BACI) အား ၂၀၁၁ ခုနှစ်တွင်၊ အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ်ရှိ မြန်မာဒုက္ခသည်များ၏ လူမှုလိုအပ်ချက်များအား အကူအညီပေးရေးအတွက်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

၂။ အဖွဲ့အစည်း၏ဆောင်ပုဒ်မှာ ထောက်ပံ့ပေးရေး၊ ဆက်သွယ်ပေါင်းကူးပေးရေး၊ ပညာရေးနှင့်ဝန်ဆောင်မှု ဖြစ်သည်။ အဖွဲ့အစည်း၏ မဟာဗျူဟာရည်မှန်းချက်မှာ ခိုင်မာသောလူ့အဖွဲ့အစည်းဖြစ်တည်ရေးနှင့် လူတိုင်းပညာတတ်မြောက်ရေးဖြစ်သည်။ အဓိကလုပ်ငန်းစဉ်မှာ အင်ဒီယာနာပိုလစ်ရှိ မြန်မာ့လူ့အဖွဲ့အစည်း၏လူမှုဖူလုံရေး၊ ပေါင်းစည်းညီညွတ်ရေး၊ အောင်မြင်ရေးတို့အတွက် အားပေးထောက်ခံမှု၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးတို့ကို အခြေခံဆောင်ရွက်သွားရန်ဖြစ်သည်။

၃။ အထက်ပါမဟာဗျူဟာရည်မှန်းချက်၊ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် အောက်ပါအတိုင်းလုပ်ငန်းအဆင့်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) အင်ဒီယာနာပိုလစ်ရှိ မြန်မာဒုက္ခသည်အသိုက်အဝန်းနှင့်အခြားဒုက္ခသည်အသိုက်အဝန်းများကြား ပညာရေး၊ အလုပ်အကိုင်ရရှိရေးစသော ထောက်ပံ့မှုများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပေါင်းကူးဆောင်ရွက်ပေးခြင်း၊

(ခ) အင်ဒီယာနာပိုလစ်ရှိ မြန်မာ့လူ့အဖွဲ့အစည်း ရေရှည်ရပ်တည်ဖွံ့ဖြိုးနိုင်ရေး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန်အတွက် ထောက်ပံ့မှုများ ပိုမိုဆောင်ရွက်သွားရေးနှင့် ရေရှည်တွင်ပိုမိုခိုင်မာသော အဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်သွားနိုင်ရေး၊

(ဂ) အင်ဒီယာနာပိုလစ်ရှိ အစိုးရအဖွဲ့အစည်းများ၊ ဒုက္ခသည်ပြန်လည်နေရာချထားရေးအေဂျင်စီများ၊ ပညာရေးအဖွဲ့အစည်းများ၊ ဘုရားကျောင်းများ၊ အခြားအဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဃ) မြန်မာ့ဒုက္ခသည် အသိုက်အဝန်းနှင့် တစ်ဦးချင်းလိုအပ်ချက်များအား ထောက်ပံ့ကူညီပေးနိုင်ရေး လူမှုအသိုက်အဝန်းဆိုင်ရာ အသိအမြင်နှင့်

နားလည်မှုများအတွက် မီဒီယာများ၊ ဖိုရမ်များ၊ အစည်းအဝေးများ စသည်လုပ်ငန်းများကိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရေး။

၄။ BACI အား အောက်ပါဘုတ်အဖွဲ့ဒါရိုက်တာ ၁၀ ဦး ၊ အကြံပေးဘုတ်အဖွဲ့ဝင် ၆ ဦးဖြင့်ဖွဲ့စည်းထားပါသည်-

(က) **ဘုတ်အဖွဲ့ဒါရိုက်တာများ**

(၁) Dr. Ro Dinga (Chairman)

(၂) San Hlei Thang (Vice Chairman)

(၃) Ruby Sing (Secretary)

(၄) Rev.Robert Biak Cung (Tresurer)

(၅) Lian Cing (Indiana Baptist Church)

(၆) U Jeru (Teaching Aid at Southport High School)

(၇) Nguncer Bualteng (Managing Broker)

(၈) Rev.Thang Mang (Senior Pastor,Indiana Luatu Evangelical Church)

(၉) Gambetta-Gibson (Vice-president ,PNC Center)

(၁၀) Dr.Fengyi Kuo (Professor at Indiana University)

(ခ) **အကြံပေးဘုတ်အဖွဲ့ဝင်များ**

(၁) Rev. Dr. Stephen Kio ( Indiana Chin Baptics Church)

(၂) Rev. Dr. Val Thang ( North America Mayu Christian Church)

(၃) Zepeng Sakhong ( Chairman, Chin Evanglical Baptist Church)

(၄) Matthew P.Schomburg (Indiana State Refugee Coordinator and Executive Outreach Director)

(၅) Leslie Lenkowsky( Clinical Professor)

(၆) David Williams (John S. Hasting Professor of Law)

၅။ အကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ David Williams သည် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး ယခင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တွေ့ဆုံခဲ့သည်။

**ပညာရေးဆိုင်ရာဆောင်ရွက်ပေးမှုများ**

၆။ ပညာရေးဆိုင်ရာမြှင့်တင်မှုများအနေဖြင့် အောက်ပါအစီအစဉ်များအား ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) အထက်တန်းကျောင်းသားများအတွက် ကောလိပ်ပညာရေးမြှင့်တင်မှု အစီအစဉ်၊

(ခ) အရွယ်ရောက်ပြီးသူများအတွက် ကောလိပ်ပညာရေးမြှင့်တင်မှု အစီအစဉ်၊

(ဂ) နွေရာသီကောလိပ်ပညာသင်ဆုအစီအစဉ်၊

(ဃ) လုပ်ငန်းခွင်မပျက်ကောလိပ်ပညာသင်ကြားရေးအစီအစဉ်၊

(င) လူ့အဖွဲ့အစည်းနှင့်ယဉ်ကျေးမှုဆိုင်ရာပညာရေးအစီအစဉ်၊

(စ) ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊

**အလုပ်အကိုင်ရှာဖွေရေးနှင့် အသေးစားလုပ်ငန်းများဖွံ့ဖြိုးရေးအစီအစဉ်**

၇။ အထက်ပါအစီအစဉ်အား အမေရိကန်ပြည်ထောင်စုတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ နေထိုင်ပြီးသော မြန်မာဒုက္ခသည်များအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အလုပ်အကိုင်နေရာများအား စုပေါင်းရှာဖွေပေးခြင်း၊ တစ်ဦးချင်း

အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အပံ့ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများအား လမ်းညွှန်ပေးခြင်းတို့အားဆောင်ရွက်ပေးလျှက်ရှိပါသည်။

၈။ ပြည်နယ်အစိုးရမှ အောက်ပါလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီထောက်ပံ့ပေးလျှက်ရှိပါသည်-

(က) အထက်တန်းကျောင်းသားများ၏ အနာဂတ်အောင်မြင်မှုအတွက် ကောလိပ်ကျောင်းများတွင်တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးခြင်း၊

(ခ) အမေရိကန်နိုင်ငံသားသစ်တို့၏ အခွင့်အရေး၊ လွတ်လပ်ခွင့်နှင့်လုံခြုံမှုအတွက် လူ့အဖွဲ့အစည်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ပညာရေးအစီအစဉ်အားအားဖြည့်ကူညီပေးခြင်း၊

(ဂ) အလုပ်အကိုင်နှင့်အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပေးခြင်းဖြင့် လူမှုဖူလုံမှုကိုရရှိစေရုံမျှမက ၄င်းတို့လူ့အဖွဲ့အစည်းအားပြန်လည်အထောက်အကူပြုစေနိုင်ခြင်း။